# စာသင်ခန်းက သင်ခန်းစာများ

ဥာဏ်ဦးမောင်



ကျွန်တော်တက်ရောက်သင်ယူနေတဲ့ **Ohlone College** ရဲ့ နွေရာသီသင်တန်းများကို ဒီ ဇွန်လ (၁၈)ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နွေရာသီသင်တန်းကို ဒီတစ်ကြိမ်ဟာ ပထမဆုံး တက်ရောက်ခြင်းပါ။ သင်တန်းစတဲ့နေ့မှာပဲ နောက်ရက်အတန်းအတွက် **Homework** များ ချက်ခြင်းပဲပေးခဲ့သလို **Lab** အတွက် **orientation** ကိုလဲ ချက်ခြင်းပဲ ပေးခဲ့ပါတယ်။ ထုံးစံအတိုင်း နွေရာသီသင်တန်းများဟာ **Fall** နဲ့ **Spring** သင်တန်းများလောက် အချိန်မကြာပါဘူး။ ဒါကြောင့် ကျောင်းသားတိုင်း **Fall** နဲ့ **Spring** အချိန်များလောက် အတန်းတွေကို ယူခွင့်မရကြပါဘူး။ နောက်ပြီး အချိန်တိုတိုနဲ့ သတ်မှတ်ပြဌာန်းတဲ့ သင်ခန်းစာများကို ပြီးမြောက်အောင် သင်ကြားကြရတာမို့ ကျောင်းခန်းတွင်း စာသင်ချိန်များလဲ ပိုရှည်ပါတယ်။ **Fall** နဲ့ **Spring term** များမှာ ပုံမှန်စာသင်ချိန် မိနစ် (၅၀) ခန့်ရှိတဲ့ အတန်းက **Summer term** မှာတော့ ၂ နာရီကျော်ကျော် ယူထားတာမို့ ရက်တိုပေမယ့် စာသင်ချိန်ကတော့ တိုမသွားပါဘူး ။ ဒါကြောင့် **Summer term** က **Credit** ကိုလဲ **Fall** နဲ့ **Spring term** များက **Credit** နဲ့အတူ ရေတွက်ပါတယ်။

ဒီအမေရိကက ယူနီဗာစီတီနဲ့ ကောလိပ်များဟာ ဘွဲ့တစ်ခုအတွက် စာသင်နှစ်နဲ့ မသတ်မှတ်ပါဘူး။ ကျောင်းသားတစ်ယောက်ရဲ့ တက်ရောက်သင်ယူပြီးတဲ့ ယူနစ်၊ တစ်နည်းအားဖြင့် **Credit** နဲ့ သတ်မှတ်ပါတယ်။ ဒါကြောင့် ကျောင်းမြန်မြန် ပြီးမပြီးဆိုတာ ကျောင်းသားတစ်ယောက်အနေနဲ့ ကျောင်းစာအတွက် အချိန်ပေးနိုင်မှု မပေးနိုင်မှုနဲ့ စွမ်းအားရှိမှု မရှိမှုအပေါ်မှာ မူတည်ပါတယ်။ အချိန်ပေးနိုင်ရင် ပေးနိုင်သလောက် စွမ်းအားရှိရင် ရှိသလောက် ကျောင်းမြန်မြန်ပြီးနိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။ စွမ်းအားရှိမှု ဆိုတာကတော့ ဥာဏ်နဲ့ဝီရိယကောင်းသူတို့က ယူနစ်များများ ယူနိုင်တာကြောင့် သတ်မှတ်ထားတဲ့ယူနစ် မြန်မြန်ပြည့်မီနိုင်တာကြောင့်ပါ။

ကျောင်းသားတစ်ယောက်အနေနဲ့ အချိန်ပေးနိုင်မှု မပေးနိုင်မှုဆိုတဲ့စကားနဲ့ ပတ်သက်ပြီးတော့ နားလည်လွယ်အောင် အနည်းငယ်ရှင်းပြဖို့ လိုမယ်ထင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံနဲ့ မတူတဲ့ထူးခြားမှုက ကျွန်တော်တို့ဆီမှာတော့ ကျောင်းသားတစ်ယောက်ရဲ့တာဝန်ဟာ ကျောင်းမှန်မှန်တက်ဖို့ စာမှန်မှန်ကျက်ဖို့ဆိုတာလောက်ပါပဲ။ ကျောင်းသားဖြစ်သူရဲ့ စားဝတ်နေရေးနဲ့ ပညာသင်ကြားရေးစရိတ်အားလုံးကို မိဘများကပဲ တာဝန်ယူလေ့ရှိပါတယ်။ ဒါကြောင့်ကျောင်းစာကိုပဲ လွတ်လွတ်လပ်လပ်သင်ယူဖို့ အခွင့်အလမ်းရှိနေသေးတဲ့ ကျွန်တော်တို့ရဲ့ သားငယ် ညီငယ်အရွယ်ကျောင်းသားများ အနေနဲ့ ရရှိနေတဲ့အခွင့်အလမ်းကို အပြည့်အဝ အသုံးချသင့်လှပါတယ် ။

ဒီအမေရိကမှာတော့ ဟိုက်စကူးပြီးပြီဆိုတာနဲ့ မိဘများကလဲ သားသမီးဖြစ်သူတွေအိမ်မှာ ကပ်နေတာကို အားမပေးသလို သားသမီးများကလဲ မိဘများနဲ့အတူနေဖို့ ဆန္ဒမရှိကြတော့ပါဘူး။ ဒီတော့ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ဆိုတော့ သုံးစွဲဖို့ငွေကြေးက လိုအပ်လာပါတယ်။ ကိုယ်တိုင်ငွေရှာကြရတော့ ကျောင်းစာအတွက် အချိန်ပြည့်ပေးဖို့ဆိုတာ မလွယ်တော့ပါဘူး။ တစ်ဖက်က ကျောင်းကိုအချိန်ပိုင်းတက်၊ တစ်ဖက်ကငွေကိုလဲ အချိန်ပိုင်းနဲ့ရှာကြရပါတယ်။ ဒီလိုကျောင်းသား

များကို part time ကျောင်းသားရယ်လို့ ဆိုပါတယ်။ ဒီလို part time အဖြစ် ကျောင်းမတက်ပဲ ကျောင်း မြန်မြန်ပြီးဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင်တော့ ပညာရေးအတွက် သီးသန့်ရံပုံငွေတည်ထောင်ထားတဲ့ အဖွဲ့အစည်းတွေဆီကဖြစ်စေ၊ ဇဟိုအစိုးရ ဒါမှမဟုတ် သက်ဆိုင်ရာပြည်နယ်အစိုးရတွေဆီကနေဖြစ်စေ အကူအညီရယူနိုင်ပါတယ်။ အကူအညီရယူရာမှာလဲ ကျောင်းပြီးလို့အလုပ်ခွင်ရောက်တဲ့အခါ ပြည် လည် ပေးဆပ်ရမည့်နည်း၊ နောင်အခါ ပြန်လည်ပေးဆပ်စရာမလိုတဲ့နည်းစသဖြင့် နည်းလမ်း အသွယ် သွယ်ရှိပါတယ်။ (ဒီအကြောင်း နောင်အလျှင်းသင့်တဲ့အခါ တင်ပြပါဦးမယ်)။ အများအားဖြင့်တော့ ကျောင်းတစ်ဖက်တက်၊ စာတစ်ဖက်သင်ဆိုတဲ့ကျောင်းသားတွေက အများစုလို့ဆိုနိုင်ပါတယ်။ တချို့ တချို့ကျောင်းသားများက အလုပ်ကိုအချိန်ပြည့်လုပ်၊ကျောင်းကို part time ပဲ တက်ကြပါတယ်။ တချို့ ကြတော့လဲ ကျောင်းကို အချိန်ပြည့်တက်၊ အလုပ်ကို part time ပဲ လုပ်ကြတာပါ။ Fall နဲ့ Spring term များမှာ ကျောင်းကို အချိန်ပြည့်တက်ကြပြီး နွေအခါမှာမှ အချိန်ပြည့် အလုပ်ထွက် လုပ်ကြတာ မျိုးလဲ ရှိပါတယ်။ နောက်တစ်မျိုးကတော့ ဟိုက်စကူးပြီးတာနဲ့ ကောလိပ်တို့ ယူနီဗာစီတို့ကို တိုက်ရိုက် မသွားသေးပဲ အလုပ်ကိုသာ သီးသန့်စောက်ချလုပ်ကြပြီး အလုပ်လုပ်လို့ အတန်အသင့်ငွေကြေးလေး စုမိကာမှ ကျောင်းကို အေးအေးဆေးဆေး ပြန်တက်ကြသူမျိုးလဲ ရှိပါတယ်။ ဟိုက်စကူးကျောင်းသား ဘဝကတည်းက နွေကျောင်းပိတ်ရက်များမှာ ကိုယ်ပိုင်အပိုဝင်ငွေအတွက် အချိန်ပိုင်း အလုပ်ဝင်ရောက် လုပ်ကိုင်ကြတဲ့ ကျောင်းသားတွေလဲ အရေအတွက် မနည်းလှတာကို တွေ့ရပါတယ်။ ကျောင်းသား အရွယ်ပေမယ့် အလုပ်လုပ်သူတိုင်း ကိုယ့်တာဝန်ကို ကိုယ်ယူနိုင်စွမ်းတာမို့ အရွယ်ရောက်တာနဲ့ မိဘ အရိပ်အောက်မှာ မနေလိုကြတာဟာလဲ သူတို့ဓလေ့နဲ့ သူတို့တော့ ဆီလျော်လှပါတယ်။ ကိုယ့်ဝင်ငွေ နဲ့ကိုယ် သာယာကျေနပ်ပြီး ပညာရေးဖက်ကို ပြန်မလှည့်ဖြစ် ကြတာမျိုးကိုလဲ တွေ့ရပါတယ်။ နောင်အလုပ်ခွင်မှာ ပြိုင်ဆိုင်မှုတွေနဲ့ တွေ့ရတဲ့အခါရောက်မှ ပညာရဲ့တန်ဖိုးကို နားလည်သဘော ပေါက်ပြီး ကျောင်းကို အူယား ဖားယား အပြေးအလွှား လာရောက် တက်ကြသူတွေဆိုတာလဲ အန မတင့်ပါပဲ။ မိသားစုတာဝန် အလုပ်ခွင်တာဝန်တွေအပေါ်မှာ ကျောင်းစာတာဝန်တွေပါ ထပ်ဆင့်ထား တာမို့ သူတို့အတွက် စဉ်းစားပြီး တစ်ဖက်က မောမိရသလို တစ်ဖက်မှာတော့ စွမ်းနိုင်ရန်ကောရယ်လို့ လေးစားအားကျ ဖြစ်မိပါသေးတယ်။

ပြည်ပကနေလာရောက်အခြေခြကြတဲ့ အရွယ်လွန်ကျောင်းသားတွေ၊ ပြောခဲ့သလို အလုပ်ခွင် ရောက်ပြီးကာမှ စာသင်ခန်းတွေဖက်ကို တစ်ပတ်ပြန်လှည့်လာတဲ့ကျောင်းသားတွေနဲ့ဆိုတော့ ကော လိပ်ကျောင်းက စာသင်ခန်းများမှာ အရွယ်အမျိုးမျိုး ပုံစံအမျိုးမျိုးနဲ့ကျောင်းသားတွေကို တွေ့မြင်ရပါ တယ်။ ပညာလို အိုသည်မရှိဆိုတဲ့ ကျွန်တော်တို့ရဲ့ဆောင်ပုဒ်စကားဟာ ဒီအမေရိကမှာ ပိုပြီးဆီလျော် နေတာကိုတွေ့ရပါတယ်။ပြီးခဲ့တဲ့ Spring term မှာတုံးကဆို ကျွန်တော်တို့ရဲ့အတန်းထဲမှာ အသက် ၇၀ ကျော်အရွယ် မောင်နှံစုံတွဲကိုတောင် တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့လို သက်လတ်ပိုင်းအရွယ်များ ကတော့ ကျောင်းသားဦးရေရဲ့ ထက်ဝက်အောက်လျော့မယ် မဟုတ်ပါဘူး။ ကျောင်းသားတွေအရွယ်စုံ ဆိုက်စုံဖြစ်ပေမယ့် မျှော်လင့်ယုံကြည်ချက်တစ်ခုစီ ရှိနေကြတာခြင်းက အတူပဲဖြစ်လေတာကြောင့် စာသင်ခန်းများကတော့ အမြဲတမ်းပဲ အသက်ဝင်နေစမြဲပါ။

ပုံမှန် Fall နဲ့ Spring term များမှာ အရွယ်လွန် သက်ရင့်ကျောင်းသာများနဲ့ပြည့်နေတတ်တဲ့ စာသင်ခန်းများဟာ ခုလို နွေရာသီကြတော့ တမူထူးခြားစွာ နုပျိုဖျတ်လတ်တဲ့ စာသင်ငယ်များနဲ့ ပြည့် လို့နေတတ်ပြန်ပါတယ်။ ဂျူနီယာဟိုက်စကူးအရွယ်လောက်သာရှိသေးတဲ့ ဆယ့်သုံး ဆယ့်လေးနှစ် အရွယ်ကျောင်းသားကျောင်းသူတွေကို ကောလိပ်က စာသင်ခန်းများထဲမှာတွေ့မြင်နေရတာကို ပထ

မတော့ နားမလည်နိုင်အောင်ဖြစ်ရပါတယ်။ ဘာကြောင့် ဟိုက်စကူးကျောင်းသားတွေက ကောလိပ်ကစာသင်ခန်းတွေထဲ ရောက်နေကြတာပါလို့မ်ရယ်လို့ပေါ့။ အထက်နားကပြောခဲ့သလို ယူနီဗာစီတီနဲ့ ကောလိပ်တွေမှာ ယူနစ်စနစ်နဲ့ သတ်မှတ်တာမို့ ဆွေရာသီဟိုက်စကူးများပိတ်ထားချိန်မှာ အပိုဝင်ငွေမရှာလိုပဲ ကျောင်းစာကိုပဲ ဆက်တိုက်သင်ယူလိုတဲ့သူတွေက ကောလိပ်ကိုတက်ရောက်ပြီး တချို့ဘာသာရပ်တွေကို ကြိုတင်ပြီးသင်ယူထားနိုင်ပါတယ်။ ဟိုက်စကူးကျောင်းသားအရွယ်မှာကတည်းက ကောလိပ်မှာသင်ယူရမည့် တချို့ဘာသာရပ်တွေကို သင်ယူပြီးဖြစ်တာကြောင့် နောင်ကောလိပ်ကိုရောက်တဲ့အခါ အဲဒီသင်ယူပြီးဘာသာရပ်တွေအတွက် ထပ်ပြီးယူနေဖို့မလိုတော့ပါဘူး။ အပိုအချိန်ပေးစရာမလိုတော့တာကြောင့် ကျောင်းပြီးဖို့မြန်ဆန်စေပါတယ်။ ဒါကြောင့် ခုလိုဆွေရာသီသင်တန်းများမှာ ဟိုက်စကူးအရွယ်ကျောင်းသားတွေကို လောလိပ်ကစာသင်ခန်းတွေထဲမှာ တွေ့မြင်ရခြင်းဖြစ်ကြောင်း နားလည်လာရပါတယ်။ **အချိန်ရဲ့တန်ဖိုးကို တွက်ချက်ပြီး ပညာရေးစနစ်ကို ဖန်တီးထားတာဟာ စိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။**

နောက်ပြီး မျှော်လင့်ယုံကြည်ချက်အပြည့်အဝနဲ့ ကောလိပ်ကစာသင်ခန်းတွေထဲကိုရောက်လာကြတာမို့ အားမာန်ရှိလှတဲ့သူတို့လေးတွေရဲ့ မျက်နှာနုနုတွေကိုမြင်ရခြင်းဟာ ကျွန်တော်တို့လို အရွယ်လွန်သူတွေထံကိုပင် အားမာန်တွေ ကူးလူးတိုးပွားလာသလို ခံစားရပါတယ်။ တကယ်တော့လဲ မျှော်လင့်ယုံကြည်ချက်တွေဆိုတာက ထာဝစဉ်ရှင်သန်လန်းဆန်းနေဖို့အထူးပဲလိုအပ်လှပါတယ်။ မျှော်လင့်ယုံကြည်ချက်တွေကင်းမဲ့တဲ့နေ့ဟာ ဘဝအဓိပ္ပါယ်ဆိုတာလဲ ပျောက်ဆုံးတဲ့နေ့ပါပဲ။ ခုလိုနုပျိုလန်းဆန်းတဲ့ ဟိုက်စကူးအရွယ် ကျောင်းသားကျောင်းသူတွေနဲ့ ပျားပန်းခပ်စည်ကားနေတာကြောင့် ကျွန်တော်တို့ရဲ့ကောလိပ်ကျောင်းကြီးဟာ ဒီဆွေရာသီမှာ Fall နဲ့ Spring term များထက် ပိုမိုပြီးအသက်ဝင်လှုပ်ရှားနေသလိုပင်ထင်ရပါတယ်။ ကျွန်တော်တို့လို သက်လတ်အရွယ်တွေနဲ့ ကျွန်တော်တို့ထက်ကြီးရင့်တဲ့သူတွေ ပိုင်ဆိုင်ထားတဲ့အချိန်နဲ့ ကျွန်တော်တို့အောက် ငယ်ရွယ်နုပျိုသူတွေပိုင်ဆိုင်ကြတဲ့အချိန်ခြင်းတောင် တန်ဖိုးခြင်းမတူနိုင်ကြောင်းကို ဆင်ခြင်မိရပါသေးတယ်။

လောကကြီးထဲမှာ တစ်ခုဆုံးရှုံးပျက်စီးသွားရင် အခြားတစ်ခုနဲ့ အစားထိုးလို့ ရနိုင်ကောင်းတဲ့အရာတွေရှိသလို အချို့အရာတွေကြတော့ ဘယ်လိုအရာနဲ့မှ အစားထိုးလဲလှယ်လို့ မရနိုင်တဲ့အရာမျိုးတွေလဲရှိပါတယ်။ အဲဒီအစားထိုးမရနိုင်စကောင်းတဲ့အရာတွေထဲမှာ အချိန်ဆိုတာထိပ်ဆုံးကပါဝင်တဲ့အရာတစ်ခုပါ။ အချိန်ရဲ့ အနဂ္ဃတန်ဖိုးကို အတန်ငယ်စဉ်းစားကြည့်ယုံမျှနဲ့ပင် လွယ်လွယ်နဲ့ပဲသိမြင်နိုင်တာမို့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့အချိန်တွေကို အကျိုးရှိရှိ အသုံးချနိုင်ဖို့လိုပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ရဲ့ ဘယ်လိုပယောဂ, ဘယ်လိုအနှောက်အယှက်မျိုးကြောင့်ရယ်မှ ကျွန်တော်တို့ညီငယ်သားရွယ်တို့ ပိုင်ဆိုင်တဲ့အချိန်တွေကို အလဟဿ မိုက်မဲစွာ ဖြုန်းတီးမပစ်မိစေဖို့ သတိပြုသင့်လှတယ်။ ။

ဉာဏ်ဦးမောင်
ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ–စာအုပ်မှ